






# မြန်မာ





MYANMAR 2022 I REMARKS MINISTRY I YOUTH WITH A MISSION PERTH

မြန်မာနိုင်ငံသည်ပြည်တွင်းစစ်အတွင်းရှိနေသည်မှာနှစ်ပေါင်း၇၀ရှိခဲ့ပါပြီ။ ဤအရာသည်ကမ္ဘာပေါ်မှာလက်ရှိဖြစ်နေသည့်ပြည်တွင်းစစ်များထဲတွင်အကြာဆုံးသောပြည်တွင်းစစ်ဖြစ်သည်။ ကိုဗစ် 19၏သက်ရောက်မှုနှင့် ၂၀၂၁တွင်ဖြစ်ခဲ့သည့်စစ်အာဏာသိမ်းမှုများကြောင့်ဇေဝံဂေလိဝေငှဖို့ရန်ခက်ခဲလိမ့်မည်ဟုကျွန်ုပ်တို့ထင်ကောင်းထင်နိုင်ပါသည်။ သို့သော်လည်းဘုရားသခင်သည်လူများ၏အသက်တမျှားထဲတွင်မည်ကဲ့သို့လုပ်ရှားနေခြင်း၊များစွာသောနိမိတ်လက္ခဏာများဖြစ်ပွါးခြင်းစသည့်ကောင်းမြတ်သောအစီရင်ခံချက်များကိုကြားရသည့်အခါကျွန်ုပ်တို့အံ့သြခဲ့ရပါသည်။ ဤအရာများသည်အစ်အမှန်ဖြစ်သည်မဖြစ်သည်ကိုသိချင်မိခဲ့ပါသည်။ ၂၀၂၂တွင်ကျွန်ုပ်တို့သည်မျှော်လင့်ခြင်းအပြည့်ဖြင့်သက်သေခံချက်များကိုကြားရန်နှင့်လယ်ပြင်တွင်ရှိသောဘုရားသခင်၏အမှုတော်ဆောင်များကိုခွန်အားပေးရန်မြန်မာနိုင်ငံသို့အရဲစွန့်၍သွားခဲ့ပါသည်။ မြန်မာနိုင်ငံနှင့်ထိုင်းနိုင်ငံတစ်လျှောက်တွင်ဘုရားသခင်သည်အမှန်တကယ်ကြီးစွာလုပ်ရှားနေသည်ဆိုသည့်အစီရင်ခံချက်များကိုကြားခဲ့ရပါသည်။ ထောင်ပေါင်းများစွာသောသူများသခင့်ကိုသိရှိလာပြီဖြစ်သည်။ ထိုသူတို့



၏သက်သေခံချက်များသည်ရိုးရှင်းကြပါသည်။ ဆေးရုံတွင်ဖျားနာနေသည့်နတ်ဆရာကိုသွားရောက်လည်ပတ်၍မေတ္တာပြပေးခြင်းမှစ၍ရွာသားများခားများဖြင့်လိုက်လာသော်လည်းရဲရင့်စွာဧဝံဂေလိပြောသည်အထိပါဝင်ပါသည်။ သူတို့တွင်ရှိသောမျှော်လင့်ချက်များနှင့်အိမ်မက်များကိုလည်းဝေမျှခဲ့ကြပါသည်။ တီထွင်မှုဉာဏ်ရှိသောညီအစ်မနှစ်ယောက်မှနားမကြားသောသူများအတွက် (မြန်မာနိုင်ငံတွင်နားမကြားကျောင်းသုံးကျောင်းရှိသည့်အနက်) ကျောင်းတစ်ကျောင်းဖွင့်လှစ်ကာနိုင်ငံအတွင်းတွင်နားမကြားအမှုတော်လုပ်ငန်းကိုဦးဆောင်၍ပြုလုပ်နေသည်ကိုလည်းတွေ့ခဲ့ရပါသည်။ သက်သေခံချက်အများစုတွင်ယုံကြည်သူဖြစ်လာသောအခါသူတို့၏ရွာမှနှင်ထုတ်ခြင်းကိုခံကြရပါသည်။ မြန်မာနိုင်ငံတွင်ရှိသောယုံကြည်သူများသည်ခံနိုင်ရည်ရှိသောသူများဖြစ်ကြပြီးသူတို့နှင့်ကျွန်ုပ်တို့တွေ့ဆုံသောအခါသူတို့၏ရဲရင့်ခြင်းရှိခြင်းကြောင့်ကျွန်ုပ်တို့သည်အံ့သြခဲ့ရပါသည်။ ဤသက်သေခံချက်များသည်ကျွန်ုပ်တို့တွေ့ဆုံခဲ့ရသောသူများ၏ရိုးရှင်းသောသက်သေခံချက်များဖြစ်ကြပါသည်။ ကျွန်ုပ်တို့သူတို့၏ဇာတ်လမ်းများ

ကို ပြောပြမည့် နည်းလမ်းမှာ သူတို့ ပြောထားသော စကားလုံးများကို တစ်လုံးချင်းမှတ်တမ်းတင်ထားခြင်းမှ တစ်ဆင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ ထိုသူတို့ သည် သာမာန်လူများဖြစ်သော်လည်းအရာအားလုံးနှင့် အတူ သခင်ယေရှုနောက်ကို လိုက်သည့်သူတို့ ၏နှလုံးသားများသည် အလွန်ထင်ရှားပါသည်။ ဤမဂဇင်း၏ရည်ရွယ်ချက်မှာကျွန်ုပ်တို့ သည် လက်တွေ့ လုပ်ရှားခြင်း၊ပေးကမ်းခြင်းနှင့်ဆုတောင်းပေးခြင်းစသည် တို့ ကို လုပ်ဆောင်ဖို့ ကျွန်ုပ်တို့ အားလှုံဆော်ပေးရန်ဖြစ်ပါ သည်။

**Youth With A Mission Perth**

**Remarks Ministry**

*လုံခြုံရေးအတွက်၊သူတို့၏နာမည်များနှင့်ဓါတ်ပုံများသည်ဆက်စပ်ခြင်းမရှိပါ။

*© Remarks Ministry*

ဟဗကတ် ၂း၁၄
အကြောင်းမူကား၊ပင်လယ်ရေသည် မိမိနေရာကို လွှမ်းမိုးသကဲ့ သို့ ၊မြေကြီးသည် ထာဝရဘုရား၏ဘုန်းတော်ကို သိကျွမ်းခြင်းပညာနှင့် ပြည့်စုံလိမ့်မည်။

စာမျက်နှာ ၆ - ဘုရားသခင်ဘယ်လိုကယ်တင်ခဲ့တယ်

စာမျက်နှာ ၇ - ဧဝံဂေလိကိုနေရာတိုင်း၌ဝေငှခြင်း

စာမျက်နှာ ၈ - ဘုရားသခင်သည်ခရီးသွားလုပ်ငန်းကိုအသုံးပြုသည်

စာမျက်နှာ ၉ - သစ္စာရှိခြင်း>အသီးသီးခြင်း

စာမျက်နှာ ၁၁ - မယ်သီလရှင်များမထင်မှတ်ထားသောရတနာကိုယူလာပေးတယ်

စာမျက်နှာ ၁၂ - နတ်ဆရာတစ်ဦးကိုသာသနာပြုခြင်း

စာမျက်နှာ ၁၃ - နတ်ဆရာသခင်ယေရှုထံသို့ရောက်လာခြင်း

စာမျက်နှာ ၁၄ - ကလေးသူငယ်စောင့်ရှောက်ရေးမှတဆင့်ဆက်ကပ်ခြင်း

စာမျက်နှာ ၁၆ - ဗုဒ္ဓကိုဦးချဖို့ငြင်းဆိုခြင်း

စာမျက်နှာ ၁၇ - ကျွန်ုပ်တို့ဘုရားဝတ်ပြုနေသောကြောင့်ဘုရားသခင်
သည်သူမ၏မျက်လုံးကိုကွယ်စေခဲ့သည်

စာမျက်နှာ ၁၈ - မူစလင်အသိုင်းအဝိုင်းသည်သာသနာကိုလက်ခံသည်

စာမျက်နှာ ၁၉ - သမ္မာကျမ်းစာဘာသာပြန်ယေရှုအကြောင်းလေ့လာမိခြင်း

စာမျက်နှာ ၂၀ - ဘုရားသခင်သည်အသက်တာများကိုပြောင်းလဲပေးသည်

စာမျက်နှာ ၂၃ - ဘုရားသခင်၏ဧဝံဂေလိမရောက်ဘူးသောရွာ၌ကာကွယ်ပေးခြင်း

စာမျက်နှာ ၂၄ - အမှုတော်ထဲ၌အတူတကွအလုပ်လုပ်ခြင်း

စာမျက်နှာ ၂၆ - ငါတို့မှာပုံပြင်မရှိဘူး၊ယေရှုဘဲရှိတယ်

စာမျက်နှာ ၂၈ - နေ့တိုင်းမှာကျွန်ုပ်သာ၍ဝမ်းမြောက်လာတယ်

စာမျက်နှာ ၂၈ - ဆန္ဒများပြည့်ဝလာခြင်း

စာမျက်နှာ ၂၉ - ဘုရားသခင်သည်ကျွန်ုပ်လိုအပ်သမျှကိုပြင်ဆင်ပေးခဲ့သည်


စာမျက်နှာ ၃၀ - နားမကြားသာသနာ

စာမျက်နှာ ၃၂ - မြန်မာပြည်အတွက်မျှော်လင့်ချက်

၃၄ - မည်ကဲ့သို့တုံ့ပြန်ရမည်

## ဖိုးနီ | Poni

ကျွန်တော်ကဆိုရှယ်လစ်စနစ်မှာမွေးလာတယ်။ အဖေကလည်းဆိုရှယ်လစ်သမားဖြစ်တယ်။ ကျွန်တော်တို့ရဲ့ပန်းတိုင်ကငွေရှာဖို့နဲ့ကောင်းတာလုပ်ဖို့ဘဲဖြစ်တယ်။ ကျွန်တော့်မှာအကို၅ယောက်နဲ့အမ၁ယောက်ရှိတယ်။ ကျွန်တော့အဖေကအစိုးရအဖွဲ့အစည်းတစ်ခုရဲ့ကျောင်းအုပ်ကြီးဖြစ်တယ်။ သူကအင်ဂျင်နီယာတစ်ယောက်လည်းဖြစ်ခဲ့ပြီးလူငယ်တွေကိုစာသင်ရတာနှစ်သက်တယ်။ကျွန်တော်တို့ကိုလည်းအလုပ်ကြိုးစားဖို့အမြဲတမ်းလေ့ကျင့်ပေးတယ်။ ကျွန်တော်ကမနက်တိုင်းအလုပ်အရမ်းလုပ်ပြီးညဆို နောက်ကျမှအိပ်တယ်။ ကျွန်တော်အလုပ်အရမ်းကြိုးစားခဲ့တယ်။ ဒါပေမဲ့အရမ်းငယ်သေးတဲ့အတွက်အလုပ်အများကြီးလုပ်ရတဲ့အခါမှာစိတ်ကျခြင်းတွေဖြစ်ခဲ့ရတယ်။ အလုပ်အလုပ်ဘဲဖြစ်ခဲ့တယ်။ ကျွန်တော်အသက်၁၀နှစ်လောက်ဘဲရှိတဲ့အချိန်မှာကျွန်တော်အသက်မရှင်ချင်တော့ဘူးသေချင်ခဲ့တယ်။ ဒါပေမဲ့ကျေးဇူးတော်ကြောင့်၁၂နှစ်လောက်အရွယ်မှာအမှုတော်ဆောင်တစ်ယောက်ကကျွန်တော့်ကိုခေါ်ပြီးကျမ်းစာလေ့လာခြင်းကိုလုပ်ခဲ့တယ်။ အဲ့ဒီအချိန်မှာယေရှုကိုကျွန်တော်ယုံကြည်လက်ခံခဲ့တယ်။ ကျွန်တော့်ဘဝကိုယေရှုကိုပေးပြီးနောက်ပိုင်းဘဝကြီးကပြောင်းလဲသွားတယ်။ အရင်တုန်းကသေချင်ခဲ့ပေမဲ့အခုတော့ပျော်ရွှင်နေပြီးကျွန်တော့်ဘဝကိုဘုရားအတွက်ဘဲဆက်ကပ်ချင်တော့တယ်။



**စေးဝါး | Saywah**

ပထမဆုံးကျွန်မကဘယ်လိုဧဝံဂေလိဝေငှရမလဲဆိုတာမသိခဲ့ဘူး။ နောက်ပိုင်း CEF ကဖွင့်တဲ့ Sunday School သင်တန်းကိုတက်လိုက်တော့အဲ့သင်တန်းမှာဘယ်လိုမျိုးဧဝံဂေလိဝေငှရမလဲဆိုတာကိုသိလာခဲ့တယ်။ အခုတော့ ဘုရားလမ်းဖွင့်ရင်ဖွင့်တဲ့အတိုင်းဧဝံဂေလိပြောတယ်။ ကလေးတွေ့ရင်လည်းဝေငှတယ်။ ရထားစီးရင်လည်းဘေးမှာရှိတဲ့ခရီးသွားကိုဝေငှတယ်။ ဈေးထဲမှာတစ်ခုခုဝယ်ရင်လည်းဝေငှတယ်။ အမှိုက်ပုံမှာနေတဲ့မိသားစုတွေဆီလည်းသွားပြီးဝေငှတယ်။ အိမ်ပတ်ဝန်းကျင်မှာဈေးလာရောင်းတဲ့သူရှိရင်လည်းဘာရောင်းတာလဲလို့မေးပြီးအိမ်ထဲခေါ်တယ်။ သတင်းကောင်းလေးပြောပြမယ်နော်ပြီးရင်ဝယ်မယ်နော်လို့ပြောပြီးဝေငှတယ်။








## လင်းမေ | Lin May



စီးပွါးရေးလုပ်တာနဲ့ပါတ်သတ်ပြီးကြုံကြိုက်တာတစ်ခုက ရွာထဲမှာရှိတဲ့လူတွေကိုကူညီပေးလို့ရတယ်။ ရွာထဲကို ခရီးသွားဧည့်သည်တွေခေါ်လာပေးခြင်းအားသူတို့ရဲ့ နေ့စဉ်ဝင်ငွေလည်ပတ်နိုင်အောင်ကူညီပေးနိုင်တယ်။ အဲ့ဒီနေရာမှာရှိတဲ့ဗုဒ္ဓဘာသာတွေကိုဝေံဂေလိတိုက်ရိုက်ဝေငှဖို့အတွက်ကခက်တယ်။ ဒါ့ကြောင့်ဒီနည်းလမ်းကသတင်းကောင်းရွာထဲရောက်ရှိဖို့နည်းလမ်းဖြစ်နေတာပေါ့။ သတင်းကောင်းဝေငှဖို့ဆက်ဆံရေးတွေအရင်တည်ဆောက်ရတယ်။ အဲ့အမှုတော်မှာကျွန်မပါဝင်နေတာတော်တော်ကြာပြီ။ လူတွေကိုရုပ်ပိုင်းဆိုင်ရာကလည်းကူညီနိုင်သလိုသတင်းကောင်းဝေငှခြင်းအားဖြင့်သူတို့ရဲ့ဝိညာဉ်ရေးပိုင်းကိုကောကူညီပေးနိုင်တယ်။





## ပီတာ | Peter



အသီးပွားများဖို့ထက်သစ္စာ ရှိဖို့လိုတယ်။ မြန်မာနိုင်ငံမှာမူစလင်ညီအကိုတွေအများကြီးရှိတယ်။ ရိုဟင်ဂျာလူမျိုးညီအကိုတွေလည်းရှိတယ်။ သူတို့ကလျစ်လျူရှုခံရတဲ့သူတွေဖြစ်တယ်။ ဖိနှိပ်ခြင်းအများဆုံးခံရတဲ့သူတွေလည်းဖြစ်တယ်။ လွန်ခဲ့တဲ့၆လလောက်ကကျွန်တော်အဲ့မှာရှိခဲ့တယ်။ လူပေါင်း၅၀,၀၀၀လောက်စခန်းမှာနေကြရတယ်။ ကျွန်တော်နဲ့သားနဲ့ဆိုင်ကယ်စီးပြီး SDကဒ်နဲ့ကျမ်းစာဖြန့်ဝေခြင်းကိုလုပ်ခဲ့တယ်။ ကျွန်တော်အရမ်းပင်ပန်းပြီးမောပန်းနေပြီဖြစ်တယ်။ ကျွန်တော်နဲ့အသားအရေတူတာတစ်ယောက်မှမတွေ့ခဲ့ဘူး။ အဲ့လူတွေအများကြီးကလည်းပြေးရင်းလွှားရင်းနဲ့ဘဲအလုပ်ရှုပ်နေကြတယ်။ ကျွန်တော်ကအဲ့အချိန်လမ်းဆုံမှာ

ရှိနေခဲ့တယ်။ တစ်ချို့စခန်းတွေဆီသတင်းကောင်းကိုနည်းလမ်းမျိုးစုံနဲ့ဝေငှနေတာဆယ်နှစ်လောက်ရှိပြီဖြစ်တယ်။ ဒါပေမဲ့တစ်ယောက်တောင်ယေရှုကိုမသိလာသေးဘူးဖြစ်တယ်။ ကျွန်တော့်သားအနောက်မှာရှိနေတဲ့အချိန်ကျွန်တော်တိုးတိုးလေးဆုတောင်းမိတယ်။ “ဘုရားသခင်ကျွန်တော်၁၀နှစ်လောက်ဆက်ကပ်ပြီးသွားပြီ။ ကိုယ်တော်ကူညီပါအုန်း။ ကျွန်တော်ဘာဆက်လုပ်ရမလဲ။ ဘာလို့တစ်ယောက်တောင်မပြောင်းလဲသေးရတာလဲ။ ကျွန်တော်နဲ့အတူတွဲလုပ်ဖို့လူတွေဘာလို့မပို့ပေးရတာလဲ။ “ဘုရားသခင်ကကျွန်တော်နားလည်နိုင်တဲ့အထဲကလာတဲ့အသံတော်နဲ့အမြဲတမ်းစကားပြောတယ်။ ဘုရားကပြောတယ်” ငါမင်းကိုသတင်းကောင်း ဝေငှခြင်းမှာသစ္စာရှိဖို့ခေါ်ထားခြင်းဖြစ်တယ်။ ရိတ်သိမ်းခြင်းကငါနဲ့ဆိုင်တယ် “လို့ပြောတယ်။ ကျွန်တော်အရမ်းကိုငြိမ်သက်ပြီးရှင်းလင်းသွားတယ်။ ကျွန်တော်အဲ့လိုသတင်းစကားကိုလိုအပ်နေတာဖြစ်တယ်။ လူတွေကဘယ်မှာလဲပြောင်းလဲတဲ့သူတွေပြအုံးလို့မေးလာခဲ့ရင်မူစလင်၊ရိုဟင်ဂျာတွေထဲမှာ၁၀နှစ်လောက်လုပ်ခဲ့ပေမဲ့ကျွန်တော့်မှာပြစရာမရှိဘူး။ ဒါပေမဲ့သခင့်ကိုတော့” ကျွန်တော်သတင်းကောင်းကိုသစ္စာရှိစွာဆက်ဝေငှပါမယ်။ ကျွန်တော်လုပ်ရမဲ့အပိုင်းကိုသစ္စာရှိစွာလုပ်ပါမယ်” လို့ပြောခဲ့ပါတယ်။

## ဖရီစေးလာ | Priscilla

တစ်နေ့မှာကျွန်မတို့မှာဆန်ဇဘူးဘဲရှိတော့တယ်။ မနက်ဖြန်ကလေးတွေကလည်းစာမေးပွဲရှိတယ်။ ကောင်မလေးတစ်ယောက်ကလာပြောတယ် "ကျွန်မတို့မှာဆန်ဇဘူးဘဲရှိတော့တယ်" ကျွန်မက "ငါသိတယ်သိတယ်" လို့ပြန်ပြောလိုက်တယ်။ အဲ့မနက်ကကျမ်းစာဖတ်တော့ဟေရှာယ၄၅မှာဘုရားကကျွန်မတို့အတွက်ဝှက်ထားတဲ့ဥစ္စာရှိတယ်လို့ပြောထားတော့ကျွန်မလည်းအိတ်ကပ်တွေထဲမှာရှိမလားလို့လိုက်ရှာကြည့်ပေမဲ့ဘာမှမတွေ့ခဲ့ဘူး။ ညနေရောက်လာပေမဲ့ဘာမှမထူးသေးဘူး။ ခဏနေတဲ့အခါမှာမယ်သီလရှင်တွေရောက်လာတယ်။ ခါတိုင်းဆိုသူတို့ကအလှူလာခံတာဖြစ်တယ်။ အဲ့တော့ကျွန်မလည်းကလေးတစ်ယောက်နဲ့တောင်းပန်ပါတယ်မလှူနိုင်ကြောင်းသွားပြောခိုင်းတယ်။ အဲ့မှာကိုယ်တိုင်လည်းသွားတော့သူတို့ကပုံးတွေအများကြီးနဲ့အဲ့မှာတစ်ယောက်ကသူတို့ဘုန်းကြီးကျောင်းမှာမင်္ဂလာဆောင်လုပ်တာဒံပေါက်ချက်တာအမှန်တကယ်တော့တခြားအဆောင်ကိုသွားပို့မလို့ဘဲဒါပေမဲ့အဲ့အထိမသွားနိုင်တော့လို့ဆရာမတို့ကိုလာပို့တာလို့ပြောတယ်။ အဲ့ညမှာကျွန်မတို့အတွက်တော့ကြက်သားလည်းစားရတယ်ပွဲတော်ဖြစ်သွားတာပေါ့။

## ခူဂေး၊ ဒီးဖောလေး | Khu Gay & Dee Phaw Lay

ပလောင်ရွာမှာကျွန်တော်တို့ဆက်ကပ်တော့မင်္ဂလာသား
လို့ပြောရမှာပေါ့နော်။ သူကနတ်ဆရာဖြစ်တယ်။ သူ
တို့မိသားစုကကျွန်တော်တို့ကိုလိုက်လိုက်လဲလဲကိုကြို
ဆိုပြီးတော့အခြားရွာသူကြီး၊ဥက္ကဋ္ဌတွေနဲ့မတူအောင်အ
ရမ်းချစ်တာ။ သူငယ်ချင်းလိုကူညီကြတာ။ ဒါကြောင့်
တတ်နိုင်သလောက်သူတို့ကလေးခြောက်ယောက်လော
က်ကိုအဆောင်ထားပေးပြီးကျောင်းထားပေးခဲ့တယ်။
လူတွေနေမကောင်းတဲ့အချိန်မှာအဲ့နတ်ဆရာကကုရ
တယ်။ သူလည်းနေမကောင်းဖြစ်ကောသူကုပေးခဲ့တဲ့လူ
တွေကမကူညီပေးတော့ဘူး။ သူအဲ့လိုမဖြစ်ခင်ကတည်
းကကိုယ့်မှာနည်းနည်းရှိရင်နည်းနည်းမေတ္တာပြခဲ့တယ်။
နှုတ်ကပတ်တော်လည်းပြောတယ်။ သူရောဂါအကြီး
အကျယ်ဖြစ်တဲ့အခါမှာဆေးရုံကိုသူ့ဟာသူသွားရတယ်။
ဘယ်သူမှထမင်းလည်းသွားမပို့ပေးဘူး။ အဲ့အချိန်မှာ
ကိုယ်ကမိုင်းယော်မှာရှိနေတော့ထမင်းလည်းသွားပို့ပေး
တယ်။ ဝမ်းမြောက်ဖွယ်ရာစကားတွေလည်းအမြဲသွား
ပြောပေးတယ်။ ဆုလည်းတောင်းပေးပြီးငွေကြေးလည်း
ကူညီပေးတယ်။ အဲ့အချိန်မှာသူကစဉ်းစားလာပြီဖြစ်
တယ်။ နောက်ဆုံးYWAM အဖွဲ့ကိုဖိတ်ပြီးဧဝံဂေလိပြော
ခိုင်းတယ်။ မေ လည်းပြတယ်။ အဲ့အချိန်မှာသူလုံးဝမ
နေနိုင်တော့ဘဲတ္တပြောင်းလဲသွားတာဖြစ်တယ်။ အဲ့နတ်ဆ
ရာကရွာသုံးရွာမှာအကြီးဆုံးဖြစ်တယ်။ နောက်ပိုင်းသား
အကြီးကလွဲပြီးတစ်မိသားစုလုံးပြောင်းလဲသွားတယ်။

မြန်မာအဆိုမှာ “ခေါင်ထိအကုန်စား” ဆိုတဲ့အတိုင်း သူပြောင်းလဲတဲ့အခါသူ့မိသားစုတွေ၊တူတွေတူမတွေကို ပါရခဲ့တာဖြစ်တယ်။



**အိုက်ခ်ယု | Aikeyu**



အဖေကနတ်ဆရာဘဝကနေပြောင်းလဲလာတာဖြစ်တယ်။ သူနတ်ဆရာတုန်းကသုံးခဲ့တဲ့အသုံးအဆောင်တွေစာအုပ်တွေကအရမ်းဈေးကြီးတယ်။ ရောင်းရင်တစ်အုပ်တစ်အုပ်ကိုသိန်းတစ်ရာလောက်ရှိတာဖြစ်တယ်။ အဖေယေရှုကိုယုံကြည်ကြောင်းသူကြီးတွေကြားတဲ့အခါမှာအဖေ့ရဲ့နတ်ဆရာအသုံးအဆောင်တွေ၊စာအုပ်တွေကိုဘုန်းကြီးကျောင်းထဲမှာပြန်လိုချင်တာပေါ့။ သူတို့လာတောင်းတော့ကျွန်တော်ကအဖေ့ကိုပြောတယ်။ သူများတွေကိုပေးလိုက်ရင်သူတို့အတွက်ကောကျွန်တော်တို့အတွက်ကောအမင်္ဂလာဖြစ်မယ်။ မီးရှို့လိုက်ရအောင်လို့ပြောတယ်။ ဈေးအရမ်းကြီးတာကြောင့်အဖေကမလုပ်ချင်ပေမဲ့ယေရှုကိုယုံ

ကြည်ခဲ့တာကြောင့်နှစ်ခြင်းခံတဲ့နေ့မှာဘဲအဲ့ဒါတွေအားလုံးကိုမီးရှို့ခဲ့တယ်။ နှစ်ခြင်းခံပြီးနောက်ပိုင်းရွာကအိမ်တွေ၊ပိုင်ဆိုင်မှုတွေအားလုံးသိမ်းခံခဲ့ရတယ်။ ရွာနဲ့လမ်းလျှောက်ရင်သုံးနာရီလောက်ဝေးတဲ့နေရာမှာနေခဲ့ရတယ်။ နှစ်ပေါင်းများစွာအဲ့မှာနေခဲ့ရပြီးစိန်ခေါ်မှုတွေများစွာလည်းရှိခဲ့တယ်။ အဖေပြောင်းလဲမှုနောက်ပိုင်းစည်းစိမ်တွေကိုလည်းသူမမက်တော့ဘူး။ သေရင်ဘာမှယူသွားလို့မရတော့ဘူးဆိုတာနားလည်သွားတယ်။ အစကကျွန်တော်တို့ရွာကခရစ်ယာန်တွေဆိုလုံးဝလက်မခံခဲ့ဘူး။ ကျွန်တော်တို့မိသားစုပြောင်းလဲလာတဲ့နောက်ပိုင်းလူတွေကတဖြည်းဖြည်းအကူအညီတွေလာတောင်းတယ်လာခေါ်တယ်။ နောက်သူတို့နှလုံးသားတွေလည်းတဖြည်းဖြည်းဖွင့်လာတယ်။ ကျွန်တော်တို့ရဲ့သက်သေခံချက်တွေကအသက်ရှင်နေတယ်ဆိုတာသူတို့နားလည်လာလို့ဖြစ်တယ်။









## နော်စေးစေး | Nawsaysay

၁၉၈၈တုန်းကနိုင်ငံရေးအခြေအနေတွေကြောင့်မြန်မာနိုင်ငံမှာစားဝတ်နေရေးအတွက်အရမ်းဒုက္ခရောက်ခဲ့ရတယ်။ ကျွန်မကငယ်ငယ်လေးကတည်းကကလေးတွေ



အားဖြင့်မူကြိုလုပ်ငန်းအားဖြင့်ဘုရားသခင်အတွက်အစေခံဖို့ဆုတောင်းထားတယ်။ ကျွန်မကညောင်ကုန်းရွာမှာကလေးငယ်ငယ်လေးတွေအတွက်မူကြိုဖွင့်ပြီးကြည့်ပေးတယ်။ ဘုရားရဲ့မေတ္တာအားဖြင့်သူတို့နဲ့ရင်းနှီးအောင်လုပ်တယ်။ ကျွန်မမှာရှိတဲ့အရာလေးတွေနဲ့သူတို့ကိုကျွေးတယ်။ ကျွန်မဘုရားကိုမရခင်တုန်းကဘယ်လောက်ဆင်းရဲခဲ့တယ်၊ထမင်းငတ်ခဲ့ရတယ်၊အခက်အခဲတွေရင်ဆိုင်ခဲ့ရပြီးဘုရားကိုရရှိပြီးနောက်ကပိုင်းဘုရားကျွန်မအပေါ်ဘယ်လောက်ကောင်းမြတ်တယ်ဆိုတဲ့အကြောင်းတွေကိုသူတို့ကိုသက်သေခဲ့တယ်။ သူတို့လည်းအဲ့အကြောင်းတွေကြားပြီးဘုရားကိုမြည်းစမ်းလာကြတယ်။ အဲ့တာကြောင့်ကျွန်မကိုရွာထဲကထွက်ဖို့မပြောတော့ဘူး။ တစ်ခါတစ်လေရွာထဲကိုခရစ်ယာန်တွေလာတဲ့အချိန်ကျွန်မကိုပြဿနာလေးနည်းနည်းရှာပေမဲ့ရွာမှာဘဲကျွန်မကိုရှိစေချင်ကြတယ်။ ကျွန်မကလေးတေအများကြီးကြည့်ပေးခဲ့တယ်။ တစ်ခါကြည့်ရင် 10 ယောက်လောက်ပေ့ါ။








## အောင်အောင်| Aung Aung

ကျွန်တော်အဆောင်မှာရှိတုန်းကကျွန်တော်ခရစ်ယာန်လူငယ်အဖွဲ့တွေဆီကိုသွားလေ့ရှိတယ်။ ကျွန်တော်ကဘုရားသခင်အတွက်အရမ်းတောက်လောင်ခဲ့တယ်။ ကျွန်တော့်သူငယ်ချင်းတွေတောင်ကျွန်တော့်ရဲ့ဘုရားသခင်နောက်ကိုလိုက်လိုတဲ့ဆန္ဒကြောင့်အထင်ကြီးကြသေးတယ်။ ဒါပေမဲ့ကျွန်တော်ဒုက္ခရောက်မှာကိုလည်းစိုးရိမ်ကြတယ်။ ကျွန်တော်ကသန်မာအောင်နေခဲ့ရတယ်။ ဘာလို့လဲဆိုတော့ကျွန်တော်ကျောင်းသွားတဲ့အခါတခြားဗုဒ္ဓဘာသာတွေအားလုံးကဗုဒ္ဓဆင်းတုကိုဦးချတဲ့အခါကျွန်တော်ကတော့ “ငါဒါကိုထပ်မလုပ်နိုင်တော့ဘူး” လို့ပြောလိုက်တယ်။ ကျွန်တော့်ဆရာမကခေါ်ပြီး” မင်းဘာလို့ဗုဒ္ဓကိုမဦးချတာလဲလို့မေးတော့ “ကျွန်တော်အခုခရစ်ယာန်ဖြစ်သွားပြီ၊ကျွန်တော်ဗုဒ္ဓဘုရားကိုမကိုးကွယ်တော့ဘူး” လို့ပြန်ပြောလိုက်တယ်။



## လွေးငယ် | Hwlay

ဒီကျောင်းမှာဖြစ်ခဲ့တဲ့အကြောင်းကိုပြောပြချင်တယ်။ ရွာကခရစ်ယာန်လိုဘုရားမရှိခိုးရဘူးလို့ပြောထားပေမဲ့ညတိုင်းကိုးကွယ်ခြင်းကိုလုပ်တယ်။ ဒီကျောင်းကခရစ်ယာန်ကျောင်းလို့တရားဝင်ကြေငြာထားခြင်းမရှိပေမဲ့ဒီကျောင်းကဘုရားအမှုတော်အတွက်ဘဲဖြစ်တယ်။ အိမ်မှာမိသားစုတွေမိသဟာရဖွဲ့သလိုမျိုးအမြဲလုပ်တယ်။ ကျွန်မတို့ဆုတောင်းတိုင်းရွာထဲကရွာသားတွေကြားရတယ်။ တစ်မနက်မှာကျွန်မတို့သီချင်းတွေဆိုပြီးကိုးကွယ်ဆုတောင်းနေတဲ့အချိန်ရွာသားတွေရောက်လာပြီးပြဿနာလာရှာဖို့လုပ်တယ်။ ဘုရားသခင်ကအဲ့ဒီအထဲကအမျိုးသမီးတစ်ယောက်ရဲ့မျက်စိကိုကွယ်ထားလိုက်တယ်။ သူကတံခါးတိုင်းကိုဖွင့်ပြီးလိုက်ရှာတယ် “လူတွေဘယ်မှာလဲ” ဆိုပြီးတော့။ ကျွန်မတို့ကလည်းအဲ့မှာဘဲဆုတောင်းနေတာဖြစ်တယ်။ သူတို့တွေအပြင်မှာရှိနေတယ်ဆိုတာကျွန်မတို့လည်းမသိဘူး။ နောက်ဆုံးဆုတောင်းပြီးတော့တံခါးလည်းဖွင့်ကောအဲ့အမျိုးသမီးကထိုင်နေပြီး “မင်းတို့တွေဘယ်ရောက်နေတာလဲ၊လိုက်ရှာနေတာတစ်နာရီလောက်ရှိပြီ” လို့ပြောတယ်။ ဘုရားကကျွန်မတို့ကိုးကွယ်ခြင်းလုပ်နေတဲ့အတွက်သူမမျက်စိကိုကွယ်ထားလိုက်တယ်လို့ထင်တယ်။

## ရဲဝင်း Yel Win

ကျွန်တော့်မှာဒီနှစ်အတွက်ရည်မှန်းချက်လေးရှိတယ်။ အဆင်ပြေမယ်ဆိုရင်တပည့်တော်ဖြစ်ခြင်းတစ်လသင်တန်းကိုစတင်ချင်တယ်။ ဘာလို့လဲဆိုတော့ကျွန်တော်သူတို့ကိုဝေငှပြီးယေရှုကိုယုံကြည်လာတဲ့အခါသူတို့မှာဝတ်ပြုခြင်းအစီအစဉ်တွေမရှိလို့ဖြစ်တယ်။ ပြီးတော့မူကြိုလည်းဖွင့်ချင်တယ်။ သူတို့ကခရစ်ယာန်မူကြိုကျောင်းတက်ချင်လို့ဖြစ်တယ်။ ဘာလို့လဲဆိုတော့ခရစ်ယာန်တွေရဲ့သင်ကြားခြင်းနဲ့တန်ဖိုးထားမှုကိုနှစ်သက်ကြလို့ ဖြစ်တယ်။ ဒီနှစ်ကျွန်တော့်အိမ်မှာလည်းဝတ်ပြုကိုးကွယ်ခြင်းအစီအစဉ်ကိုလုပ်ဆောင်ချင်တယ်။ တနင်္ဂနွေညနေတိုင်းမှာလူတွေကိုခေါ်ဖိတ်ပြီးဘုရားကိုအတူတကွကိုးကွယ်ချင်ပါတယ်။ ဒါကြောင့်ဒီနှစ်အိမ်မှာအိမ်အသင်းတော်ကိုစတင်ချင်ပါတယ်။ကျွန်တော်တို့ပတ်ဝန်းကျင်မှာကခရစ်ယာန်တွေမရှိသလောက်ဘဲ။ ကျွန်တော်တို့နေတဲ့နေရာကမူစလင်အသိုင်းအဝိုင်းဖြစ်တယ်။ သူတို့ရဲ့အသိုင်းအဝိုင်းမှာကျွန်တော်ကိုနေခိုင်းတာအရမ်းထူးဆန်းတယ်။ တစ်ချို့မူစလင်မိသားစုတွေဆိုကျွန်တော့်ဆီလာပြီးကျမ်းစာသင်ခန်းစာတွေသင်ပေးဖို့ပြောလို့ကျွန်တော်သင်ပြီးဝေငှရသေးတယ်။ သူတို့ကကျမ်းစာဖတ်ရတာအရမ်းစိတ်ဝင်စားကြ တယ်။ အရင်လကကျွန်တော်ကလေးအစီအစဉ်လုပ်တော့မူစလင်၊ဗုဒ္ဓ ဘာသာကလေးအယောက်၁၀၀လောက်တက်ကြတယ်။ သူတို့ကကျွန်တော့်ကိုလက်ခံကြတယ်။ ဘောလုံးလည်းအတူတူဆော့ကြတယ်။ မနေ့ကတောင်ဘောလုံးဆော့ဖို့လာခေါ်သေးတယ်။ ဒီတိုင်းမိသဟာရဖွဲ့ကြ တာပေါ့။




## အေးစန္ဒာ | Aye Sandar

ကျွန်မတို့ရွာကိုအဖွဲ့တစ်ဖွဲ့ကရောက်လာပြီးကျမ်းစာဘာသာပြန်ဖို့အလုပ်ကမ်းလှမ်းခဲ့တယ်။ ကျမ်းစာဘာသာပြန်ရင်းယေရှုကဘယ်လိုဘုရားဖြစ်တယ်ဆိုတာသိလာခဲ့တယ်။ ကျမ်းစာဘာသာပြန်ရင်းယေရှုကအသက်ရှင်ကြောင်းနားလည်ခဲ့ပါတယ်။

## ကိုတင် | Ko Tin

ကျွန်တော်တို့အမှုတော်ကိုစတင်ခဲ့တော့ကလေး သာသနာကိုပို့ပြီးဗဟိုပြုလုပ်ဆောင်ခဲ့တယ်။ ကျွန်တော်တို့ရွာတွေသွားပြီးကလေးအစီအစဉ်တွေလုပ်တယ်၊ဂိမ်းတွေဆော့တယ်၊ယေရှုရုပ်ရှင်တွေပြခဲ့တယ်။ ရုပ်ရှင်တွေလည်းပြခဲ့တယ်။ နောက်ပိုင်းမိဘတွေလည်းပါဝင်လာတဲ့အခါကျွန်တော်တို့မိဘတွေအတွက် အစီအစဉ်တွေစတင်လုပ်ဆောင်ခဲ့တယ်။ အဲ့လိုနဲ့ ယုံကြည်သူတွေအများကြီးဖြစ်လာတယ်။ ကျွန်တော်တို့ယေရှုအကြောင်းဝေငှတဲ့အခါသူတို့ကိုယေရှုက အသက်ရှင်ပြီးမင်းတို့နဲ့အတူရှိတယ်၊ဒါ့ကြောင့်မင်း



တို့ခေါ်ရင်ထူးလိမ့်မယ်။” လို့အားပေးပြီးသူတို့ကိုဆုတောင်းကြည့်ဖို့စိန်ခေါ်တယ်။ သူတို့မိသားစုပြဿနာ အခြားပြဿနာတွေရှိလာတဲ့အခါဘုရားကိုစတင်ခေါ် လာပြီးနိမိတ်လက္ခဏာတွေဖြစ်လာတာသူတို့တွေ့ခဲ့ ရတယ်။ အဲ့နောက်ပိုင်းသူတို့မတူဘူးဆိုတာသိလာ တော့ယေရှုကိုလက်ခံခဲ့ကြတယ်။ ဒီနေရာမှာရှိတဲ့အ

သင်းတော်တွေနဲ့လည်းပူးပေါင်းပြီးလုပ်ဆောင်တယ်။ သုံးရက်ကယ်တင်ခြင်းသင်တန်းအဲ့လိုတွေလုပ်တယ်။ အဲ့နောက်ပိုင်းသူတို့ဗ တ္တိဇံခံးရင်ခံနိုင်တယ်။ ကယ်တင်ခြင်းသင်တန်းတွေမှာဆိုလူတစ်ချို့ကကယ်တင်ခြင်းအကြောင်းကိုနားလည်ချင်ပြီးယေရှုကိုလက်ခံချင်လို့လာတက်ကြတယ်။ တစ်ချို့ကတော့ဒီတိုင်းလာလေ့လာတယ်။ ဒီတိုင်းလာလေ့လာတာတောင်မှသင်တန်းပြီးရင်ယေရှုကိုလက်ခံသွားကြတယ်။ တစ်ချို့တွေကအရင်ကဆေးလိပ်သောက်၊အရက်သောက်တယ်။ ယုံကြည်သူဖြစ်လာတဲ့အချိန်မှာတော့ဘုရားသခင်ရဲ့နှုတ်ကပတ်တရားကိုနားလည်အောင် "မင်းတို့ယုံကြည်သူဖြစ်လာတဲ့အချိန်မှာတော့အရင်ဘဝဟောင်းအတိုင်းအသက်ရှင်လို့မရတော့ဘူးဘုရားသခင်ရဲ့အလိုတော်အတိုင်းအသက်ရှင် ဖို့လိုတယ်" လို့သင်ကြားပေးတယ်။ သူတို့ကိုဖြည်းဖြည်း၊ဖြည်းဖြည်းသင်ပေးပြီးနောက်ပိုင်းသူတို့အသက်တာတွေလည်းတဖြည်းဖြည်းပြောင်းလဲလာတာကိုတွေ့ခဲ့ရတယ်။ ကျွန်တော်သူတို့ကိုခွန်အားပေးတဲ့အခါခရစ်ယာန်မဖြစ်ခင်ကဘယ်လိုခရစ်ယာန်ဖြစ်ပြီးနောက်ပိုင်းကျွန်တော့်ဘဝရဲ့သက်သေခံချက်နဲ့ဝေငှတယ်။ခရစ်ယာန်ဖြစ်ပြီးနောက်ပိုင်းကျွန်တော့်အသက်တာကဘယ်လိုပြောင်းလဲသွားပြီးဘုရားကကျွန်တော့်အသက်တာထဲမှာဘယ်လိုအလုပ်လုပ်နေကြောင်းပြောပြတယ်။ သူတို့အသက်တာမှာလည်းဘုရားကထိုနည်းတူလုပ်ပေးနိုင်ကြောင်းသိစေချင်လို့ဖြစ်တယ်။ အဲ့ဒီကနေဘုရားသခင်ကသူတို့အသက်



တာတွေပြောင်းလဲဖို့ရန်အလုပ်လုပ်နေတာကိုတွေ့ခဲ့ရတယ်။ အဲ့ဒီမှာအရမ်းဆင်းရဲတဲ့မိသားစုတစ်စုကဗတ္တိဇံခံခဲ့တယ်။ ခရစ်ယာန်ဖြစ်လာပြီးနောက်ပိုင်းသူတို့ဘာဆက်လုပ်ရမှန်းမသိခဲ့ဘူး။ ဒါကြောင့်ကျွန်တော်တို့သူတို့ဘာလုပ်သင့်လဲဆိုတာကူညီပြီးစဉ်းစားပေးခဲ့တယ်။ ကြက်ကြော်ရောင်းတဲ့စီးပွါးရေးအသေးလေးလုပ်နိုင်အောင်ကူညီပေးခဲ့တယ်။ အခုသူတို့အဲ့ဒီလုပ်ငန်းကိုလုပ်နေပါတယ်။ အထူးသဖြင့်အဖေဖြစ်သူကအရက်သမားဖြစ်တယ်။ ယုံကြည်သူဖြစ်ပြီးနောက်ပိုင်းသူပြောင်းလဲသွားတယ်။ ကျွန်တော်တို့သူ့ကိုသာသနာပြုသင်တန်းကျောင်းကိုပို့ချင်တာဖြစ်တယ်။ ချင်းပြည်နယ်ကမိန်းကလေးတစ်ယောက်ရှိသေးတယ်။ သူ့မိသားစုကဗု ဘာသာဖြစ်ပေမဲ့သူကတော့ပြောင်းလဲပြီးနှစ်ခြင်းခံပြီးသွားပြီ။ ကျွန်တော်တို့သူ့ကိုလည်းသာသနာပြုသင်တန်းကျောင်းပို့ချင်ပါတယ်။

## တန်ဂွန် | Tang Goon

နံပါတ်တစ်ကဘုရားအမှုတော်မြတ်ထဲမှာအစိမ်းသက်သက်မယုံကြည်သူတွေကိုလုပ်မယ်ဆိုရင်ကြောက်စိတ်မရှိဖို့ဘဲ။ သေရဲတဲ့သတ္တိရှိရတာပေါ့။ ဒုတိယအချက်ကတော့ယုံကြည်ခြင်းပေါ့။ အတွေ့အကြုံတစ်ခုပြောမယ်ဆိုရင်အဲ့ဒါကအရှေ့တောင်တန်းမှာရှိတဲ့ရွာတစ်ရွာမှာဖြစ်တယ်။ နန်းနွဲ့ရွာလို့ခေါ်တယ်။ အဲ့ဒီနန်းနွဲ့ရွာကလူစိမ်းဝင်လို့မရဘူး။ အရင်ကဆိုဝင်ရင်သူတို့ကရိုက်သတ်ပြီးတောထဲမှာမြှုပ်လိုက်တယ်။ ဒါကြောင့်အဲ့ရွာကိုရောက်သွားတဲ့သူတိုင်းဘယ်ရောက်သွားမှန်းမသိဘူး။ အဲ့ဒီရွာကိုကျွန်တော်သွားခဲ့တယ်။ ကျွန်တော်သွားတော့တစ်ရွာလုံးဓားတွေနဲ့ထွက်လာတယ်။ ကျွန်တော်လည်းသူတို့ထွက်လာတာမြင်တယ်။ ဒါနဲ့ကျွန်တော်ကကွင်းပြင်အကျယ်ကြီးဆီကိုခေါ်သွားလိုက်တယ်။ ကျွန်တော်ရောက်တဲ့နေရာမှာသူတို့အားလုံးအပြေးအလွှားနဲ့စုလာကြတယ်။ ကျွန်တော့်နားရောက်လာတဲ့အခါမှာကျွန်တော့်ကိုခုတ်ချင်တဲ့စိတ်တွေအားလုံးရပ်သွားတယ်။ ဓားတွေအားလုံးအောက်ချလိုက်ကြလို့အမိန့်ပေးလိုက်တယ်။ အဲ့နောက်မှာဧဝံဂေလိစဟော တယ်။ ဧဝံဂေလိဟောပြီးနောက်သူတို့လည်းအံ့သြတယ်။ ပြီးတော့ပြန်တော့မယ်နော်လို့ပြောပြီးပြန်ခဲ့လိုက်တယ်။ အခုနောက်ပိုင်းအဲ့ဒီရွာကိုခဏခဏသွားတယ်။

## ပြည့်ဖြိုးအောင် | Pyae Phyo Aung

ဧဝံဂေလိကြားပြီးယေရှုကိုမလက်ခံခင်သူတို့ကအရက်သမားတွေဖြစ်တယ်။ သူတို့ရဲ့ဘဝတွေကကျိုးပဲ့နေပြီးအိမ်နီးနားချင်းတွေနဲ့လည်းအဆင်မပြေဘူး။ အဲ့လိုနဲ့ကျွန်တော်တို့လူတစ်ယောက်နဲ့တွေ့တယ်။ ကျွန်တော်သူ့ကိုစတွေ့တဲ့အချိန်သူကအရက်အရမ်းသောက်တယ်။ သူ့အနာဂတ်တွေ၊ဘာတွေမှကိုဂရုမစိုက်ဘူး။ သူလုပ်ချင်တဲ့အတိုင်းလုပ်ပြီးအသက်ရှင်တယ်။ စစချင်းသူ့ကိုဧဝံဂေလိဝေငှတော့သူကသိပ်ပြီးစိတ်မဝင်စားဘူး။ နောက်ပိုင်းသတင်းကောင်းကိုခဏခဏကြားရတဲ့အခါမှာတော့ယေရှုကိုလက်ခံသွားတယ်။ ပြီးတော့အရက်ကနေလည်းလွတ်မြောက်သွားတယ်။ သူ့ရဲ့အရင်ဘဝကိုသူပြန်မသွားတော့ဘူး။ နောက်ပိုင်းပိုက်ဆံစုရဖို့အတွက်တောင်သူစပြီးအလုပ်လုပ်လာတယ်။ သူ့ဘဝကအရင်ထက်ပိုကောင်းလာခဲ့တယ်။ ကျွန်တော်ရွာတစ်ရွာမှာတဲတစ်ခုဆောက်ပြီးအဲ့မှာအပါတ်တိုင်းဝတ်ပြုကိုးကွယ်ခြင်းတွေ၊ကလေးအစီအစဉ်တွေလုပ်တယ်။ လူတွေကပုံမှန်လာပြီးဘုရားရဲ့နှုတ်ကပါတ်တော်ကိုအမြဲတမ်းကြားရတဲ့အခါသူတို့ရဲ့ဝိညာဉ်ရေးရာအသက်တာတွေ

ကြီးထွားလာတယ်။ ကျွန်တော်က အဲဒီတဲကို ရွှေ့ပြောင်းလုပ်သားတွေနေတဲ့ ဆင်းရဲတဲ့နေရာမှာဆောက်ထားတာဖြစ်တယ်။ သူတို့ကနေရာမျိုးစုံကနေဒီနေရာကိုရောက်လာတာဖြစ်တယ်။ ကျွန်တော့်တို့မှာမတူညီတဲ့သာသနာတွေအများကြီးရှိတယ်။ မူကြိုဧဝံဂေလိပြောခြင်း၊ အသင်းတော်တည်ဆောက်ခြင်းတွေလုပ်တယ်။ လူငယ်အစီအစဉ်နဲ့ကလေးအစီအစဉ်တွေကိုလည်း တစ်ခါတစ်လေလုပ်တယ်။ တခြားအသင်းတော်မှာရှိတဲ့လူငယ်တွေနဲ့ပေါင်းပြီးနိုးထမှုအစီအစဉ်တွေလုပ်တယ်။ ကျွန်တော်တို့နဲ့အတူလက်တွဲလုပ်ဆောင်ချင်တဲ့အသင်းတော်တွေလည်းရှိတယ်။ ဒါကြောင့်မို့ကျွန်တော်တို့တွေအသင်းတော်များနဲ့တစ်လုံးတစ်ဝတည်းအတူလုပ်ဆောင်နိုင်ပါတယ်။



## အက်ခ် | Eak

လွန်ခဲ့တဲ့ ၁၀နှစ်တုန်းကရှမ်းလူမျိုးတွေအများကြီးယေရှုကိုလက်ခံလာကြတယ်။ သူတို့ကကျွန်တော်တို့ဘုရားကျောင်းကိုလာခဲ့ကြပြီးနောက်တော့တစ်ချို့ကဘန်ကောက်ဖက်၊ထိုင်းနိုင်ငံတောင်ပိုင်းတစ်ချို့ကတော့ရှမ်းပြည်ကိုဘဲပြန်သွားကြတယ်။ စစ်တပ်အခြေအနေကြောင့်သိပ်တော့မပြောင်းကြဘူး။ ပြီးတော့သူတို့ရောက်တဲ့နေရာမှာယေရှုအကြောင်းပြောကြတယ်။ ကျွန်တော့်အသင်းတော်မှာရှိတဲ့ရှမ်းပြည်ကမိသားစုတစ်စုဆိုလွန်ခဲ့တဲ့တစ်နှစ်မှယေရှုကိုလက်ခံခဲ့တယ်။ တစ်ရွာလုံးကသူတို့ကိုမလိုချင်တော့တဲ့အတွက်မောင်းထုတ်ခဲ့တယ်။ ပြီးတော့ရွာကသူတို့ရဲ့အိမ်နဲ့မြေကိုတော့သိမ်းထားချင်တယ်။ အဲ့အချိန်ရွာလူကြီးကသူတို့ကိုအစည်းအဝေးခေါ်ခဲ့တယ်။ “မင်းတို့ဘယ်လိုလုပ်မလဲ၊ ယေရှုကိုယုံကြည်သေးတာလားမယုံကြည်တော့ဘူးလား”။ “မယုံကြည်ဘူး” လို့ပြောရင်တော့မင်းတော့ဆက်နေလို့ရတယ်။ “ယုံကြည်တယ်” လို့ပြောရင်တော့မင်းတို့ထွက်ရမယ်လို့ပြောတယ်။ သူတို့ကချက်ချင်းဘဲ “ဟုတ်ကဲ့၊ကျွန်တော်တို့ယေရှုနောက်ကိုဆက်လိုက်ချင်ပါတယ်” လို့ပြောတော့တစ်ရွာလုံးတော်တော်စိတ်ညစ်





သွားတယ်။ ရွာက” မင်းတို့ဒီလိုလုပ်လို့မရဘူး။ ဒါဆိုမင်းတို့ထွက်သွားရမယ်” လို့ ပြောတယ်။ သူတို့က “ဒါကကျွန်တော်တို့ရဲ့အဖေအမေဆီကရတဲ့မြေနဲ့အိမ်ပါ” လို့ပြောပေမဲ့ “မရဘူး၊ မင်းတို့ဘယ်ဘာသာကိုကိုးကွယ်ရမလဲဆိုတာတော့ရွေးချယ်ဖို့လိုအပ်တယ်” ပြောတယ်။ အဲ့တော့သူတို့ထိုင်းနိုင်ငံကိုပြောင်းလာပြီး ကျွန်တော်တို့အသင်းတော်ဆီရောက်လာတယ်။ အဲ့အချိန်တုန်းကလူတွေသူတို့ကိုမနှစ်သက်ခဲ့ကြဘူး။ သူတို့ရောက်လာပြီးသက်သေခံကြတဲ့အခါလူတွေကသူတို့ကိုအထင်အမြင်သေးတယ်။ ဒါပေမဲ့သူတို့ကအရမ်းကိုပျော်ရွှင်နေတယ်။ ရွာကဆိုသူတို့ကိုကြည့်တောင်မကြည့်ချင်ပေမဲ့သူတို့ကတော့ “အဲ့အချိန်တုန်းကအရမ်းအရမ်းကိုပျော်တာဘဲ” လို့ပြောတယ်။ ရွာလူကြီးတောင်မှ “လူတွေမင်းတို့ဆီလာလည်ရင်ယေရှုအကြောင်း၊ဘုရားအကြောင်းမပြောနဲ့” လို့ပြောပေမဲ့သူတို့က “လူတွေလာလည်ရင်ကျွန်တော်တို့ကဘာအကြောင်းကိုပြောပြရမှာလဲ၊ကျွန်တော်တို့မှာတစ်ခြားအကြောင်းတွေပြောစရာမရှိဘူး၊ယေရှုအကြောင်းဘဲရှိတယ်” လို့ပြန်ပြောတယ်။

## အက်စတာ | Esther

ကျွန်မတို့ကခြံထဲမှာကလေး
တွေအများကြီးနဲ့နေတယ်။ လူ
အယောက်၅၀လောက်အတူ
တူနေကြတယ်။ အလုပ်တွေ
လည်းအများကြီးလုပ်ရတယ်။
ယေရှုကိုလက်မခံခဲ့တုန်းကအ
ရမ်းစိတ်ဖိစီးပြီးပင်ပန်းခဲ့ရ
တယ်။ ဒီနှစ်မတိုင်ခင်အထိကျွန်
မမှာမိသားစုဘဝမရှိခဲ့ဘူး။
အမြဲတမ်းလူအယောက်၃၀၊
၄၀လောက်နဲ့နေရပြီးအလုပ်
တွေကလည်းအရမ်း များတယ်။
ဒါပေမဲ့ယေရှုကိုယုံကြည်ပြီး
နောက်ပိုင်းမှာတော့ကျွန်မဝမ်း
မြောက်ပြီးပျော်ရွှင်ခဲ့ရတယ်။
အစကကျွန်မမိဘတွေကိုလည်း
မုန်းခဲ့တယ်။ ကျွန်မတို့မိသားစု
ကသူများမိသားစုနဲ့မတူခဲ့ဘူး။
အခုတော့ကျွန်မပျော်နေ ပြီ။
အားလုံးပြောင်းလဲသွား ပြီ။
နေ့တိုင်းကျွန်မအမြဲတမ်းဝမ်း
မြောက်နေတယ်။

## ပီခေ | PK

ကျွန်တော်ကယားပြည်နယ်
ကိုရောက်သွားတော့အဲ့မှာ
ကျွန်တော်သိတဲ့သူ၊သူငယ်
ချင်းတစ်ယောက်မှမရှိဘူး။
ကယားပြည်နယ်ကိုမင်္ဂလာ
ဆောင်တစ်ခုနဲ့ရောက်သွား
တာဖြစ်တယ်။ အဲ့မှာအမှု
တော်ဆောင်တစ်ယောက်ကို
တွေ့ပြီးသူကအိုကျမ်းစာသင်
တဲ့ဆရာလားဒီမှာကကျမ်း
စာသင်တဲ့ဆရာမရှိဘူးလို့
ပြောတယ်။ ဒါနဲ့အဲ့မှာဘဲနေ
ဖြစ်သွားပြီးကျမ်းစာသင်ခဲ့
တယ်။ အဲ့ဒီကနေဘုရားက
တစ်ဆင့်ပြီးတစ်ဆင့်ပို့ဆောင်
တယ်။ ကယားကနေထိုင်း
နယ်စပ်၊အဲဒီကနေထိုင်းထဲ
အထိရောက်သွားတယ်။
ပြန်စဉ်းစားကြည့်ရင်ဘုရား
သခင်ကမဦးဆောင်ဘူးဆို
ရင်ကျွန်တော်အဲ့နေရာတွေ
ရောက်ခဲ့မှာမဟုတ်ဘူး။

# နော်နဲလေ၊ ဘောက်နော်

## Naw Nelly + Bauw Naw

တစ်နေ့ကျွန်မယောကျ်ားမိုင်းယော်မှာမီးသွေးရောင်းပြီးပြန်လာတော့ပလောင်တစ်ယောက်ကလာပြီးဆရာမရေဆိုင်ကယ်ချိန်း၊ဘက်ထရီငှါးပါအုံးလို့ပြောတယ်။ ကျွန်မယောကျ်ားကငှားပေးလိုက်တယ်။ ဘုရားသခင်ကတစ်ခုခုဖြစ်တော့မယ်ဆိုရင်ကျွန်မကိုကြိုပြီးသတိပေးတယ်။ အရင်ကငှားနေကြပေမဲ့အဲ့နေ့မှာကျွန်မကဘာလို့ငှားလိုက်လဲ။ တစ်ခုခုဖြစ်သွားရင်ဘယ်လိုလုပ်မလဲလို့ပြောလိုက်တယ်။ညနေခြောက်နာရီလောက်မှာအစာအိမ်သွေးကြောပေါက်တယ်။ သားဦးပြွန်မှာသန္ဓေတည်နေတာကလည်းတစ်လလောက်ရှိနေပြီဖြစ်တယ်။ အရမ်းခံရတယ်။ အဲ့အချိန်ဆုတောင်းတယ်။ ဘုရားသခင်သမီးကိုအသက်ရှင်ခွင့်ပေးမယ်ဆိုရင်ပလောင်လူမျိုးထဲဘုရားအမှုတော်ဆက်ဆောင်မယ်။ မဟုတ်ရင်တော့မြန်မြန်ရုပ်သိမ်းပါတော့မခံနိုင်တော့ဘူးလို့ဆုတောင်းတယ်။

နောက်တစ်နေ့မှာကျွန်မယောကျ်ားကထမ်းစင်နဲ့ဆေးရုံပို့ဖို့လူလိုက်ရှာရတယ်။ သူငယ်ချင်းကပြောတယ်အမရေယောဘကိုဘုရားကနောက်ပိုင်းကောင်းကြီးနှစ်ဆပေးသလိုအမကိုလည်းနောက်ပိုင်းဘုရားကနှစ်ဆအသုံးပြုလိမ့်မယ်အမမသေသေးဘူးလို့ပြောတယ်။ ကားကအရမ်းရှားတော့နောက်ဆုံးထွေလာဂျီနဲ့သွားရတယ်။ ထွေလာဂျီကအရမ်းခုန်တော့သေပြီလို့ဘဲထင်ခဲ့တယ်။ လားရှိုးဆေးရုံကိုရောက်ဖို့ကားသုံးဆင့်လောက်စီး

ရတယ်။ ကျေးဇူးတော်ကြောင့်ဆေးရုံရောက်တာနဲ့ခွဲ
စိတ်ခန်းတန်းဝင်ရတယ်။ ရွာကနေဆေးရုံရောက်တဲ့အ
ထိလက်ထဲမှာပိုက်ဆံမရှိပေမဲ့ဘုရားကဆေးရုံဆင်း
တဲ့အထိတာဝန်ယူပေးသွားတယ်။ သွေးဖြေပုလင်းလို
အပ်တာလည်းဘုရားကပြင်ဆင်ပေးခဲ့တယ်။ အဲ့ဒီ
နောက်ပိုင်းကျွန်မအသက်ရှင်ခွင့်ရတာဘုရားကျေးဇူး
ကြောင့်မို့ရွာမှာနေမကောင်းတဲ့သူရှိရင်တတ်နိုင်သ
လောက်ကူညီပေးခဲ့တယ်။






**ဘွိုင်းနို +ငိုင်းငိုင်း**

Boyno and Ngaih Ngaih




ကျွန်မရဲ့အကြားအာရုံမကောင်းတဲ့အဒေါ်ယုံကြည်သူ
ဖြစ်လာတဲ့အချိန်မှာအဲ့ဒါကကျွန်မစိတ်ထဲမှာရှိနေခဲ့
တယ်။ ကျွန်မသာသနာပြုသင်တန်းပြီးသွားတဲ့အချိန်

ကျွန်မတစ်ခုခုလုပ်ရမယ်လို့စဉ်းစားနေခဲ့တယ်။ ကျောင်းပြီးတဲ့နောက်ပိုင်းကျွန်မရဲ့နိုင်ငံကိုဘယ်လိုကောင်းကြီးပေးနိုင်မလဲလို့ဆုတောင်းနေခဲ့တယ်။ ဒီနားမကြားတဲ့အိမ်မှာတော့ညတိုင်းမှာကျမ်းစာဖတ်ခြင်းရှိတယ်။ သတင်းကောင်းဝေငှပြီးတဲ့အချိန်သူတို့နားကောနားလည်ပါ့မလားဆိုပြီးအားလျော့ခဲ့ရတယ်။ တစ်နေ့မှာကျွန်မတို့မိသားစုဝင်တစ်စုနဲ့ဗီဒီယိုကောလ်ပြောခဲ့ကြတယ်။ အဲ့မတိုင်ခင်တုန်းကကျွန်မကသူတို့ကိုကောင်းကင်နိုင်ငံဘယ်လိုဆိုတာနဲ့ယေရှုကိုဘယ်လိုယုံကြည်ရမလဲဆိုတာဝေငှနေတာဖြစ်တယ်။ “ကောင်းကင်နိုင်ငံဆိုတာယေရှုကိုယုံကြည်တဲ့သူတွေအတွက်ဖြစ်တယ်” လို့ပြောပြခဲ့တယ်။ အဲ့နောက်ပိုင်းဗီဒီယိုကောလ်ပြောတဲ့အချိန်ကျွန်မသူတို့ကို “ဘာတွေသင်ယူခဲ့ရလဲ “လို့မေးတော့၊တစ်ယောက်က “ယေရှုကိုယုံကြည်ရင်ကောင်းကင်နိုင်ငံကိုသွားရမယ်” လို့ပြောခဲ့တယ်။ ကျွန်မအဲ့ဒါကိုကြားတဲ့အချိန်ငိုခါနီးဘဲ။ ဘာလို့လဲဆိုကျွန်မဝေငှတိုင်းသူတို့ဘယ်လောက်နားလည်ရရှိလဲဆိုတာကျွန်မမသိလို့ဖြစ်တယ်။ သူကသူ့ရဲ့မိဘတွေကိုလည်းယေရှုအကြောင်းကိုဘယ်လောက်ဝေငှကြောင်းကြားတဲ့အခါကျွန်မခံစားလိုက်ရတာကကျွန်မတို့ဝေငှလေလေဘုရားကသူတို့ထဲမှာအလုပ်လုပ်လေဘဲဖြစ်တယ်။ ဒီလိုဖြစ်စေတာကကျွန်မတို့အလုပ်မဟုတ်ဘူး။ ဘုရားကသူ့အပိုင်းကိုသူလုပ်ပြီးကျွန်မတို့ကကိုယ့်အပိုင်းကိုလုပ်တာဖြစ်တယ်။





## လုဘု | LuBu



ကျွန်တော်တို့နိုင်ငံရဲ့ဆင်းရဲတဲ့နေရာတွေမှာဆိုအမျိုးသမီးအများစုကဘာမှကိုမသင်ကြားခဲ့ရဘူး။ သူတို့ကတတ်ပညာတစ်ခုခုကိုကျွမ်းကျင်ပြီးအလုပ်ရှာချင်တယ်။ အဲ့လိုနဲ့ဘဲအသက်ကြီးသွားတော့စက်ရုံတွေကလက်မခံတော့ဘူး။ ဒါကြောင့်သူတို့ဒီဆင်းရဲခြင်းကလွတ်ဖို့ကိုယ်ပိုင်စီးပွါးရေးလေးတွေရှိလာတာကိုကျွန်တော်တို့မြင်ချင်တယ်။ သူတို့ပြောတယ်ဒီနေ့ပိုက်ဆံမရှိရင်ဆန်ဝယ်လို့မရဘူးအာ့ဆိုအဲ့နေ့ထမင်းမစားရဘူး။ အဲဒါကိုကြားရတော့ကျွန်တော်အရမ်းဝမ်းနည်းတယ်။ ကျွန်တော်တို့မှာထမင်းအမြဲစားရတဲ့အချိန်သူတို့မှာတော့မစားရဘူး။ အဲ့မှာရှိတဲ့မိသားစုတွေကအရမ်းခက်ခဲကြတယ်။ အလုပ်လည်းမရှိကြဘူး။ လူ







တွေလည်းအများကြီးအဲ့မှာသေကြတယ်။ ကျွန်တော်တို့
နိုင်ငံနဲ့အမူတော်အတွက်ကျွန်တော်ရဲ့မျှော်လင့်ချက်က
တော့လူတွေခန္ဓာ၊စိတ်၊ဝိညာဉ်ကြီးထွားဖို့ဘဲဖြစ် တယ်။
နေရာတော်တော်များကကျမ်းမာရေးဗဟုသုတမရှိကြ
ဘူး။ ပတ်ဝန်းကျင်နဲ့မိမိအိမ်ကိုဘယ်လိုသန့်ရှင်းရေး
လုပ်ရမလဲဆိုတာမသိကြဘူး။ သူတို့ကဝေံဂေလိနဲ့
ကျမ်းမာရေးဗဟုသုတကိုလက်ခံဖို့အဆင်သင့်မဖြစ်
သေးဘူး။ ကျွန်တော်တို့ကကူညီချင်ပေမဲ့သူတို့ကလက်
မခံချင်ဘူး။ ဒါကြောင့်ကျွန်တော်ဘုရားဆီကနေဒီလူ
တွေဆီဘယ်လိုရောက်နိုင်မလဲ၊ဘယ်လိုလုပ်ရမလဲဆို
တာနဲ့ပါတ်သတ်ပြီးဘုရားဆီကလမ်းညွှန်ချက်ကို
တောင်းခံနေပါတယ်။

# မည်ကဲ့သို့တုံ့ပြန်ရမည်

သင်ဖတ်ခဲ့သည့်အတိုင်း၊ဘုရားသခင်သည်မြန်မာနိုင်ငံတွင်တန်ခိုးအရှိန်ဖြင့်လှုပ်ရှားနေပါသည်။ ဤသက်သေခံချက်များကိုဝေငှရသည့်အကြောင်းအရင်းမှာကျွန်ုပ်တို့လည်းလက်တွေ့လုပ်ဆောင်လာဖို့တွန်းအားပေးရန်ဖြစ်သည်။ ဤနိုင်ငံလိုအပ်နေသည့်အရာများအတွက်ချက်ချင်းတုံ့ပြန်နိုင်ရန်နည်းလမ်းများစွာရှိသည်ဟု ကျွန်ုပ်တို့ယုံကြည်ပါသည်။

## ဆုတောင်းခြင်း



ဆုတောင်းခြင်းသည်တန်ခိုးကြီးသည်။ မိတ်ဆွေရဲ့သူငယ်ချင်းများနှင့်စုဝေး၍သော်လည်းကောင်း၊မိသားစု၊အသင်းတော်နှင့်တကွမြန်မာနိုင်ငံအတွက်ဆုတောင်းရန်အားပေးချင်ပါသည်။ အကယ်၍မိတ်ဆွေမြန်မာနိုင်ငံတွင်လတ်တလောဖြစ်နေသည့်အရာများနှင့်အထူးဆုတောင်းခံချက်များကိုသိလိုပါကဤနေရာကိုသွားပေးပါ [www.prayforMyanmar.org/.](http://www.prayforMyanmar.org/)

## ပေးကမ်းခြင်း

မိတ်ဆွေ၏ပေးကမ်းခြင်းအတွက်၊ဤမဂ္ဂဇင်းတွင်ပါဝင်သောအမှုတော်ဆောင်များသို့ပေးလှူခြင်းများရောက်ရှိရန်ကျွန်ုပ်တို့သေချာစွာခွဲခန့်စီစဉ်ထားပြီးဖြစ်သည်။ ပေးကမ်းရန်

https://tinyurl.com/tomyanmar, မိတ်ဆွေ၏ပေးလှူခြင်းများအမှုတော်ဆောင်များဆီသို့ရောက်ရှိသွားသည်မှာသေချာရန်ကျေးဇူးပြု၍ remarks@ywamperth.org.au, သို့မိတ်ဆွေပေးလှူထားသည့် receipt (လက်ခံစာ)ကိုအီးမေးလ်ပို့ပေးပါ။

## ဝေမျှခြင်း

မြန်မာနိုင်ငံတွင်ဖြစ်ပျက်နေသည့်အရာများကိုလူတော်တော်များများမသိသည်မှာအံ့ဩစရာကောင်းလှသည်။ ဤအမှုတော်ဆောင်များ၏သက်သေခံချက်များတစ်ပါးသူများအတွက်လှုံ့ဆော်မှုဖြစ်စေလိုလျှင်ဤ link ကိုဝေမျှပေးပါ https://tinyurl.com/storiesofmyanmar.



## သွားပါ

"စပါးရိတ်စရာများစွာရှိ၏။ရိတ်သောသူတို့သည်နည်း၏။" လိုအပ်နေသောသူများရှိနေသောကြောင့်၊မိတ်ဆွေလည်းအမှုတော်တွင်တက်ကြွစွာပါဝင်ရန်အားပေးချင်ပါသည်။ ဤမဂ္ဂဇင်းတွင်ရှိသောသူများသည်ဘယ်နေရာသွားသွားဘာကိုလုပ်လုပ်သတင်းကောင်းကိုဝေငှနိုင်သည်ကိုနားလည်သဘောပေါက်သည်။ လူတိုင်းခရစ်တော်ကိုမြင်လာရန်မည်သည့်အလုပ်တွင်မဆိုကျွန်ုပ်တို့၏မေတ္တာများကိုဝေမျှပေးနိုင်ပါသည်။

# မြန်မာ



A picture of a house from a village formed from Christians that were forced to leave their villages when they became believers

# MYANMAR